
စန္ဒာဝင်းထွန်း
ငှက်တစ်ကောင်၏
ပျံသန်းရာ
တစ်ဆယ့်နှစ်အုပ်မြောက်
လုံး•ချင်း • ဝတ္ထုသစ်

# ငှက်တစ်ကောင်၏ ပျံသန်းရာ
## စန္ဒာဝင်းထွန်း

အဖွင့်

အဖြစ်အပျက် အားလုံး၏ တရားခံသည် ဖွင့်ဆိုရှင်းပြရန် ခက်ခဲသော သဘာဝလွန် ဖြစ်ရပ်တစ်ခုနှင့် ထိပ်တိုက် တွေ့ခဲ့ရသည့် ပုလဲညို ကိုယ်တိုင် ဖြစ်နေမည်ဆိုလျှင် … ကြေကွဲစရာ ကောင်းလွန်းလှသော ဖြစ်ရပ်တစ်ခုဖြင့် လူတစ်ယောက်၏ သေဆုံးသွားရခြင်း တွင်လည်း သူမသည်သာ အနီးစပ်ဆုံး တရားခံ, ဖြစ်လိမ့်မည် ထင်သည်။

အကယ်၍သာ သွေးပျက်ဖွယ်ကောင်းသော ပန်းချီကားတစ်ချပ်အား သူမ ကိုယ်တိုင် မရေးဆွဲခဲ့ဘူးဆိုလျှင် … ရေးဆွဲမိသွားသည့်တိုင် ထိုပန်းချီကားနှင့် တိုက်ရိုက် ပတ်သက်နေသော လူတစ်ယောက်အား မပြမိဘူးဆိုလျှင် … ပြခဲ့မိသည့်တိုင် 'ကြည့်စမ်း အဲဒီအထဲက လူဟာ မောင်နဲ့ တူလွန်းမနေဘူးလား' ဆိုသော အဆင်ခြင်ကင်းမဲ့သည့် စကားကို မပြောခဲ့ဘူးဆိုလျှင် ….

သူမချစ်လွန်းသော သူမလိုလည်း ချစ်လွန်းသော လူတစ်ယောက် သေဆုံးချင်မှ သေဆုံးရလိမ့်မည် ထင်သည်။

သို့သော် ဆိုးရွားစွာပင် ထိုအရာ အားလုံးအား ပြုမူ ပြောဆိုဖြစ်သွားခဲ့၏။

ထိုအတွက် ဆိုးရွားသော ရလဒ်သည် သူမ လက်ထပ်လုဆဲဆဲ ချစ်သူအား ဆုံးရှုံးလိုက်ရခြင်းသာ ဖြစ်သည်။

ထို့ကြောင့် မောင်သေဆုံးသွားရခြင်းတွင် သူမသည်သာ တရားခံစစ်စစ် …

။

***

# အပိုင်း (၁)

လှေကားလက်ရန်းများကို ကိုင်တွယ်ရင်း လှေကားထစ်များအား နင်းဖြတ်လာဆဲ သည်နေရာသည် နေ့စဉ်နှင့်အမျှ မောင် သွားလာ လှုပ်ရှားခဲ့သော နေရာဆိုသည့်အသိဖြင့် ပုလဲညိုက မူးဝေ နောက်ကျိသွားတော့သည်။

ဘုရားရေ။ သည်လှေကား လက်တန်းတွေကို မောင်ကိုင်တွယ် ပွတ်နေဖြစ်မှာပဲ။ အတွေးဖြင့် သူမက မောင့်လက်ရာများ မောင့်ရဲ့အမှတ်သင်္ကေတတွေများ ရှိနေဦးမည်လားဟု ရူးသွပ်စွာ ရှာဖွေမိပြန်သည်။

လှေကားထစ်များအား တစ်ဆစ် ချိုးလိုက်တိုင်း ပိတ်ထားသော အခန်းတံခါးများက ခြောက်သွေ့ တိတ်ဆိတ်လွန်းစွာ။ သို့သော် အခန်းတံခါး၏ အတွင်းဘက်များမှာတော့ လူများ ရှိနေကြလိမ့်မည်။

ထိုအခန်းများထဲရှိ လူတချို့သည် အပေါ်ဆုံးထပ် ညာဘက် အခန်းပိုင်ရှင် လူငယ် တစ်ယောက်၏ သွေးပျက်ဖွယ် အကြောင်းများကို ပြောနေကြမည်လား။

ချွေးစေးများနှင့်အတူ သူမက လိုအပ်တာထက် ပိုပြီး မောပန်းသွားတော့သည်။ ရှစ်ထပ်ရှိတဲ့ တိုက်ကြီးတစ်လုံးရဲ့အပေါ်ဆုံးထပ်။

ကြည့်စမ်း အဲသည်လောက် မြင့်မားတဲ့နေရာက အခန်းတစ်ခန်းကို မောင် နှစ်နှစ်သက်သက်နဲ့ ဝယ်ယူနေထိုင်ခဲ့တာဟာ ဆိုးရွားတဲ့ ကံစည်မှုတွေကြောင့် များလား။

ခြေကုန်လက်ပန်း ကျသွားခြင်းကြောင့် သူမက လှေကားတစ်ဆစ်ချိုးနေရာ၌ ရပ်ရှင်း အမောဖြေဖြစ်သည်။

ဒါဟာ ဘယ်နှထပ်မြောက်ပါလိမ့်။ သူမက ရေတွက်မနေတော့ဘဲ သည်အတိုင်း ရပ်နေလိုက်သည်။

နောက်ထပ် ထပ်တက်စရာ လှေကားမရှိတော့တဲ့ နေရာကအခန်းဟာ မောင် နေထိုင်ခဲ့တဲ့ အခန်းပဲ။

ကဲ ... ဘယ်အထပ် ရောက်နေပြီဆိုတာ ... ရေတွက်နေစရာ လိုပါဦးမည်လား။

သူမက နံဘေးမှ ပိတ်ထားသော တံခါးချပ်တစ်ခုကို ငေးကြည့်နေမိသည်။ မောင့်အခန်း၏ အခန်းတံခါး သည်လည်း ယခုလို ပိတ်ထားလိမ့်မည်။

သို့သော် အခန်းတံခါး၏ အတွင်းဘက်မှာတော့ မောင်ရှိနေလိမ့်မည် မဟုတ်။

နေစမ်းပါဦး မောင်နေသွားခဲ့တဲ့ အခန်းတစ်ခုထဲကို ဝင်ရဲတဲ့ သတ္တိမျိုး သူမဆီမှာ အမှန်တကယ်မှ ရှိသေးရဲ့လား။

အိုး ... အဲသည်လိုမျိုး မသေချာတဲ့ အတွေးတွေ မတွေးစမ်းနဲ့ ပုလဲညို။

သူမက အမောပြေအောင် ရပ်မနေတော့ဘဲ .. ဆက်တက်ဖြစ်၏။

အလင်းရောင် လုံလောက်စွာ ရရှိနေသောကြောင့် လှေကားထစ်များအား နင်းဖြတ် နေရခြင်းသည် စိတ် အနှောင့်အယှက် ဖြစ်စရာတော့ ရှိမနေ။

လက်ထဲမှ သော့တွဲကလေးကို ပုလဲညိုက ခပ်ဆတ်ဆတ်ကလေး လှုပ်ယမ်းကြည့်သည်။ . ချွင် ... ချွင်ဟု ခပ်သာသာ မြည်သံ။

ထိုခဏ၌ သူမက နံဘေးနားသို့ မောင် ရောက်လာသလို ခံစားရပြီး မောင့် အရိပ်အငွေ့ များအား ခံစားလိုက်ရသလို ရင်ခုန်သွားသည်။

သော့တွဲကလေးကို လှုပ်ယမ်းပြီး အမြဲတစေ အသံမြည်အောင် လုပ်တတ်တဲ့သူဟာ မောင်ပဲပေါ့ သူမက လက်ထဲမှာ မောင့်သော့တွဲကလေးကို

ကြေကွဲစွာ ငုံ့ကြည့်မိသည်။

သည်သော့တွဲကလေးကို သူမ အပိုင်ရလိုက်သော အချိန်ကာလသည် နှစ်ဆယ့်တစ်ရက် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ထိုသော့များဖြင့် ဖွင့်ဝင်ရမည့် အခန်းသို့ ရောက်အောင် လာဖြစ်ရခြင်းကတော့ အခုတစ်ကြိမ်က ပထမဦးဆုံးအကြိမ်။

မောင့် အခန်းရှေ့ရောက်တော့ သူမက မောပန်းစွာ ရပ်တန့်လိုက်သည်။ တိတ်ဆိတ်မှုကတော့ ချောက်ချားစရာ။ အခန်းထဲသို့ ဝင်ဖို့သတ္တိ။ ထိုအတွေးနှင့်အတူ ပုလဲညိုက သူမကိုယ် သူမ မုန်းတီးသွားသည်။

ကြည့်စမ်းပါဦးကွယ် ချစ်သူ နေထိုင်ခဲ့တဲ့ အခန်းဆီကို လာဖို့အတွက် မဝံ့မရဲဖြစ်စေတယ်၊ ကြောက်လန့်နေစေတယ် ဆိုတာဟာ ဘယ်လောက်အရုပ်ဆိုးထားတဲ့ ကိစ္စတွေ ဖြစ်နေမလဲ။

ဒါဟာ ချစ်သူကို စော်ကားမော်ကား လုပ်နေတာရော မဟုတ်နိုင်ဘူးလား။ အို … ကျွန်မကို ခွင့်လွှတ်ပါမောင် သူမက သံပန်းတံခါးတွင် ခတ်ပိတ်ထားသော ကြေးသော့ခလောက် အကြီးကြီးအား စတင် ဖွင့်ဖို့ ကြိုးစားလိုက်သည်။

သို့သော် သော့ချောင်း ရှစ်ချောင်းထဲမှ မှန်ကန်သော သော့တစ်ချောင်းကို ရဖို့အတွက် အပြင်းအထန် ကြိုးစားလိုက်ရပြီး သော့ပေါက်ထဲသို့ သော့ဝင်သွားမည့် အချိန်မှာတော့ သူမအနေဖြင့် ခြေကုန်လက်ပန်း ကျနေပြီဖြစ်သည်။

သော့ပေါက်ထဲ ဝင်နေသော သော့တံကိုအလှည့် တိတ်ဆိတ်ခြင်းထဲမှ စူးရှအက်ကွဲစွာ ထွက်လာသော သော့ခလောက် ဖွင့်သံကြောင့် သူမက အလန့်တကြား ထအော်လိုက်မိ၏။

ဘုရားရေး ... ပုလဲညိုရဲ့ အသည်းငယ်နေမှုတွေက ဘယ်လောက် မုန်းတီးချင်စရာ ကောင်းထားပါလိမ့်။

တကယ်ဆို သည်အခန်းကို သူမ ရောက်လာရတာဟာ ပတ်ဝန်းကျင်ရဲ့ စကားတွေကို ခြေဖျက်ဖို့ တိုက်ခိုက်ဖို့ နောက်လူတချို့ရဲ့ ပရမ်းပတာ ဝန်ခံချက်တွေနဲ့ အားနာမှုမရှိတဲ့ အကြောက်တရားကို တွန်းလှန် ပယ်ဖျက်ပစ်နိုင်ဖို့ လာခဲ့တာမဟုတ်လား။

ကဲ ... အဲသည်လိုအတွက် လာခဲ့တဲ့ ပုလဲညိုရဲ့ ကိုယ်တိုင်က ဘာတွေကို ကြောက်နေရဦးမှာလဲ။

နောက်ထပ် တံခါးတစ်ချပ်၏ သော့ကို ဖွင့်ဖို့ ကြိုးစားနေဆဲ သူမက တံခါးပွင့်သွားသည်နှင့် မြင်တွေ့ရမည့် အခန်းထဲမှ မြင်ကွင်းကို ခန့်မှန်း ပုံဖော်ကြည့်နေမိသည်။

နံနက်စောစော၏ အလင်းရောင်ကြောင့် သိပ်တော့မှောင်မနေနိုင်။

ပထမဦးဆုံး သူမကို ဆီးကြိုမည့်အရာသည် သုံးလနှင့် နှစ်ဆယ်ရက် တိတိ လူမနေပဲ တံခါးမဖွင့်ပဲ ထားသော အခန်းတစ်ခန်း၏ အောက်သိုးသိုး အနံ့များပဲ ဖြစ်လိမ့်မည်။

ဒုတိယကြိုဆိုမည့် အရာများက သူမ၏ အသက်ရှူ လမ်းကြောင်းကို ဒုက္ခပေးမည့် ဖုန်မှုန့်တွေ ဖြစ်လိမ့်မည်။

ကဲ ... တတိယ ကြိုဆိုမည့်အရာက ဘာလဲ။ လူတချို့ စွပ်စွဲသလို မောင့်ဝိညာဉ်များ ဖြစ်နေမလား။

သေတော့မှာပဲ ...။

သူမက အသက်ကို ဝအောင်ရှူပြီး သော့ပွင့်သွားသော ကျွန်းတံခါးကို တွန်းဖွင့်လိုက်သည်။

ကျွဲခနဲ ပြည်သွားသော တံခါးပွင့်သံက ကျယ်ကျယ်လောင်လောင်။ သူမ၏ အမြင်အာရုံထဲသို့ တန်းမတ်စွာ ဝင်လာသည်က တရုတ်ကတ်မှန် အနောက် များအား ဖြတ်ကျော်ဝင်လာသည့် အင်အားပျော့ အလင်းအောက်၌ ငြိမ် သက်စွာ တည်ရှိနေသော လှပသပ်ရပ်သည့် ဧည့်ခန်းတစ်ခု။

တိတ်ဆိတ်ခြင်းအသံအား နားထောင်ရင်း သူမကအခန်းထဲသို့ ဝင်ဖို့ အတွက် ပထမဦးဆုံး အကြိမ်အဖြစ် သွေးပျက်ချောက်ချား သွားတော့သည်။

***

ပုလဲညို၏ ပထမခြေလှမ်းသည် မြောက်မြားစွာသော ကြိုးစားအားထုတ် မှု များကြောင့် တောင့်တင်း တုံ့ဆိုင်းစွာ တံခါးဘောင် နယ်နိမိတ်ကို ကျော် ဖြတ်၍ အခန်းထဲသို့ တစ်ဝက်တပျက် ရောက်သွားသည်။

ပိတ်လှောင်ထားသည်မှာ ကြာပြီဖြစ်သော အခန်းများ၌ ရလေ့ရှိသည့် အနံ့အသက်မျိုးကို ရလိမ့်မည်ဟု သေချာပေါက် မျှော်လင့်ထားသော သူမ၏ အသက်ရှူခြင်းများက မရဲတရဲ။

သို့သော် ... အံ့ဩစရာ ကောင်းလောက်အောင်ပင် သူမ နှာခေါင်းထဲသို့ တိုးဝင်လာသော အနံ့သည် သူမ ထင်ထားသလိုမျိုး အနံ့ဆိုးဆိုး တစ်ခု ဖြစ် မနေဘဲ သိမ်မွေ့စွာ ယစ်မူးစေသော ရနံ့တစ်ခု ဖြစ်နေ၏။

ဒါဟာ အံ့ဩစရာကောင်းတဲ့ ချွတ်ချော် တိမ်းစောင်းမှု။

နောက်ထပ် ခြေတစ်လှမ်း အတိုးမှာတော့ စောစောတုန်းက သူမမျှော်လင့် ထားသော အကြောင်းအရာ တစ်ခုနှင့်ပါ လွဲချော်သွားတော့သည်။

အဲဒါက မောင့်အခန်းထဲတွင် သူမ မျှော်လင့်ထားသလို ဆိုးရွားသော ဖုန်မှုန့်များ ရှိမနေခြင်း။

အို ... ဒါဟာရော အံ့ဖွယ် ချွတ်ချော်မှုပဲပေ့ါ၊ ရက်ပေါင်း တစ်ရာ့တစ်ဆယ်

ကျော် လူမနေတဲ့ အခန်းတစ်ခန်းဟာ အခု အခြေအနေထက် ငါးဆလောက် ဆိုးရွားတဲ့ ဖုန်တွေသဲတွေ ပင့်ကူအိမ်တွေ ရှိနေရလိမ့်မယ်။

အခုတော့ သူနောက်ဆုံး တွေ့လိုက်ရတဲ့နေ့နဲ့ ဘာမှထူးထူးခြားခြား ပေကျန် ပွရှုပ်နေခြင်း မရှိတဲ့ အခန်းတစ်ခန်း အဖြစ် သူမရဲ့ ရှေ့မှာ။

ကြည့်စမ်း ... ဒါဆိုရင် လူတချို့ စွပ်စွဲသလို ဟောသည်အခန်းထဲမှာ မောင် နေထိုင်နေဆဲပဲလား။

အိုး ... မြတ်စွာဘုရားသခင်။ ခဏလေး ရပ်နေလိုက်တော့ ကျင့်သားရ သွားသည့် မျက်လုံးများကြောင့် ဧည့်ခန်းက စောစောကထက် ပို၍ လင်း လာသည်။

နောက်ထပ် ဘာလုပ်ရမည်မှန်း မသိတော့သလို ပုလဲညိုက ခပ်ထွေထွေ ရပ်နေမိသည်။

အခန်းထဲသို့ စိတ်ချလက်ချ ဝင်ပစ်လိုက်လျှင် သူမ၏ နောက်ကျောဘက်မှ တစ်ခုတည်းသော တွက်ပေါက်ဖြစ်သည့် တံခါးချပ်များအား သူမ ပိတ် ပစ်လိုက်ရလိမ့်မည်။

အဲ့သည် တံခါးတွေကို ပိတ်ပြီးသွားတဲ့ နောက်တွင် သူမနှင့် ပြင်ပကမ္ဘာက အခိုက်အတန့် အဆက်အသွယ် ပြတ်သွားရလိမ့်မည်။

သေချာတာကတော့ သူမသည် မောင့်အရိပ်များ မောင့်အငွေ့အသက် များ နှင့် အတိပြီးနေသော သီးခြားကမ္ဘာလေး တစ်ခုထဲသို့ ရောက်ရှိသွားရမည့် အဖြစ်။

ရုတ်တရက် သူမက တွေဝေသွားသည်။

အို ... ဟောသည်အခန်းထဲမှာ သူမ တစ်ယောက်တည်း ကြောက်ရွံ့စွာ နေထိုင်ရမယ့် အဖြစ်ဟာ ဘယ်လောက် ချောက်ချားစရာ ကောင်းထား

သလဲ။

ဟင့်အင်း ... အဲသည်လောက် ပြင်းထန်တဲ့ ခံစားမှုမျိုးကို ပုလဲညိုရဲ့ နှလုံးသွေး လှည့်ပတ်မှုတွေက ကြံ့ကြံ့ခံ ပေးထားနိုင်လိမ့်မယ် မထင်ဘူး။

သည်နေရာမှာ ပုလဲညိုတစ်ယောက်တည်း လာနေဖို့အတွက်ဆိုတာ သိပ်ကို စောလွန်းမနေဘူးလား။

နောက်ဆုံးတော့ အင့်ခနဲ တစ်ချက်ရှိုက်ရင်း သူမက အခန်းတံခါးဝဘက်သို့ မျက်နှာမူပြီး ခြေလှမ်း နှစ်လှမ်းကို အလျင်စလို လှမ်းဖြစ်သွားတော့၏။

သို့သော် သူမ၏ ခန္ဓာကိုယ်က တံခါးပေါင်များကို ဖြတ်ကျော်မသွားဘဲ ရပ်တန့်သွားရင်း အံ့ဩစံရာ ကောင်းလွန်းလှသော လုပ်ရပ်တစ်ခုကို လုပ်ဖြစ်သွားတော့သည်။

အဲဒါက သံပန်းတံခါးကို ဆွဲပိတ်၍ အခိုင်အမာ သော့ခတ်ပစ်လိုက်ခြင်း ...

အဲသည်နောက်မှာတော့ သူမက ခြေထောက်မှ ဖိနပ်ပါးပါးကလေးကို အသာချွတ်ပြီး တံခါးပေါက်၏ ညာဘက်တွင် ရှိသော ဖိနပ်စင်ပေါ်သို့ အသာ လှမ်းတင်ဖြစ်သွားတော့၏။

ဖိနပ်စင်ပေါ်၌ ရှိနှင့်နေတာက မောင် စီးနေလက်စ ဖိနပ်တစ်ရန် သေချာတာကတော့ သူမရင်ထဲမှ ဆန္ဒနှင့် သူမလုပ်ကိုင်နေမိသော လှုပ်ရှားမှုများက ဆန့်ကျင်ဘက် ဖြစ်နေခြင်း။

သူမကိုယ်တိုင် ပြင်းထန်သော သံလိုက်စက်ကွင်း တစ်ခုအတွင်း ရောက်ရှိနေပြီဟု ခံစားနေရဆဲ၌ သူမက နောက်ထပ် တံခါးတစ်ချပ်ကိုပါ ပိတ်ပစ်လိုက်တော့၏။

စောစောကထက် အနည်းငယ် ပိုမှောင်သွားကြောင်း ခံစားလိုက်ရချိန်၌ သူမ၏ အကြောအခြင်များ တံ့ဆိုင်းသွားကြပြန်သည်။

ဟောသည် တံခါးကို ပိတ်ပစ်လိုက်တဲ့ ပုလဲ့ညိုဟာ ရူးသွပ်သွားတာ မဖြစ်နိုင်ဘူးလား။

ရုတ်တရက် ရင်ထဲသို့ စိမ့်ဝင်လာသော မသိုးမသန့် စိတ်များကြောင့် သူမက ရှည်လျားပြင်းထန်သော အသက်ရှူခြင်း တစ်ခုဖြင့် ကုစားပစ်လိုက်သည်။

ထိုအခါ၌ အနံ့တစ်ခုက သူမ၏ အာရုံထဲသို့ စူးနစ်သေချာစွာ စွဲဝင်သွားတော့သည်။

ထိုအနံ့က သူမနှင့် အလွန်တရာ ရင်းနှီးကျွမ်းဝင်ဖူးနေတဲ့ အနံ့၊ နောက်တစ်ကြိမ် အသက်ပြင်းပြင်း အရှူမှာတော့ သူမက အနံ့အတွက် သေချာခြင်း တစ်ခုကို ဆုပ်ကိုင်ဖြစ်သွား တော့၏၊

အိုး ... သည်အနံ့ဟာ ဆောင် သုံးနေကျ ရေမွှေးရဲ့ အနံ့ပဲ။

အခုအချိန်မှာ ပုလဲ့ညိုအတွက် အလိုအပ်ဆုံးဟာ ဘာလဲ၊ အလင်းရောင်ပဲပေါ့။

လုံလောက်တဲ့ အလင်းရောင်၊ ညွတ်ခွေနေသော ဒူးများဖြင့် ခန္ဓာကိုယ်ကိုတော့ မတ်လျားကန်ရင်း သူမက မျက်နှာချင်းဆိုင် နံရံပေါ်ရှိ မီးခလုတ်များဆီသို့ ကြိုးစား ခြေလှမ်းလိုက်သည်။

နားထဲ၌ ပဲ့တင်ထပ်နေတာက သူမ၏ အသက်ရှူသံနှင့် လည်ချောင်းဝ၌ အပြင်းအထန် လာမြည်နေသော ရင်ခုန်သံ၊ မီးခလုတ်များရှေ့သို့ ရောက်တော့ သူမက ဒိုင်းခနဲ ဆောင့်ခုန်သွားပြီး အံ့အားတသင့် ဖြစ်သွားသည်။

မြင်နေရသော မီးခလုတ်အားလုံးက ဖွင့်ပြီးသားများ ဖြစ်နေပြီး မီးချောင်းများ မီးပွင့်များ ကတော့ လင်းနေခြင်းမရှိ။

ဒါဟာ ဘယ်လို အမှားအယွင်းမို့ လဲ။

ထိုခဏ၌ ပုလဲညိုက သူမကိုယ်သူမ အပြင်းအထန် အပြစ် တင်မိသွားတော့သည်။

ကြည့်စမ်း ... အခန်းတစ်ခုလုံး လင်းလင်းထင်းထင်း ဖြစ်သွားအောင် လုပ်ပြီးတော့မှ အခန်းတံခါးကိုသာ ပိတ်လိုက်မယ်ဆိုရင် အလင်းရောင်မရလို့ ပြန်ထွက်မယ် ဆိုရင်တောင် အခန်းတံခါးတွေကို သော့ပြန်ဖွင့်ဖို့ ကြိုးစားစရာ မလိုတော့ဘူးပေါ့။

အတွေးဖြင့် တံခါးချပ်များအား အပြေးအလွှား ဖွင့်ရန် အားထုတ်ပြီးမှ သူမက တွန့်ဆုတ်သွားပြန်သည်။

နေပါဦး။ ပုလဲညိုက ဘာဖြစ်လို့ အခန်းထဲက ပြန်ထွက်ချင်သွားတာလဲ။ အကြောက်တရား ကြောင့်လား၊ ဒါဆို ပုလဲညို ကြောက်နေတာဟာကို လည်း အလင်းရောင် သိပ်မရှိတာကိုလား၊ တိတ်ဆိတ် နေခြင်းကိုလား။ ဒါမှမဟုတ် မောင့်ကိုလား၊

ဟင့်အင်း ... အဲဒါတွေဟာ တစ်ခုမှ ကြောက်ဖို့အတွက် ခိုင်လုံတဲ့ အကြောင်းပြချက်တွေ မဟုတ်ဘူး။

မောင်နဲ့ ပတ်သက်တဲ့ တစ်စုံတစ်ရာကို မတွေ့ရသေးဘဲ ဟောသည် အခန်းထဲကနေပြီး ပုလဲညို ပြန်ထွက်သွားမယ်ဆိုရင် လူတချို့ ရဲ့ စွပ်စွဲမှုကို ထောက်ခံရာ ရောက်သွားတော့မှာပေါ့။

နောက်ဆုံးတော့ ပုလဲညိုက ခိုင်မာသွားသော ဆုံးဖြတ်ချက်ဖြင့် တရုတ်ကတ် မှန်တံခါးများကို တစ်ခုပြီးတစ်ခု ဖွင့်ချလိုက်တော့သည်။

အဲ့သည်မှာတင် စောစောကထက် ပိုမို လင်းလာသော အလင်းရောင်ဖြင့် နေသာထိုင်သာ ရှိစေခဲ့ပြီး အရာဝတ္ထု တစ်ခုကိုလည်း ထင်ရှားစွာ မြင်ဖြစ်သွားတော့သည်။

အဲဒါက မီးခလုတ်များ၏ အောက်တည့်တည့် Side Table ပေါ်တွင် တင်ထားသော အဖြူရောင် ကြွေသီးတစ်ခု။

ထိုအခါကျမှ သူမက မီးခလုတ်များ ဖွင့်ထားလျက်နဲ့ လင်းမနေခြင်းကို သဘော ပေါက်လိုက်တော့သည်။

ခလုတ်က ကြွေသီးကို ဖြုတ်ထားတာကိုး။

အနည်းငယ် စိတ်ပေါ့ပါးသွားသော သူမက အဖြူရောင် ကြွေသီးလေးကို ပြန်တပ်ဖို့ အားထုတ်လိုက်သည်။

သေချာတာကတော့ သူမ၏ လက်ချောင်းများသည် စောစောကလောက် တုန်ယင် လှုပ်ခတ်မှု မရှိနေတော့ခြင်း ဖြစ်၏။

***